မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကော့မှူးမြို့ မြို့နယ်အားကစားခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်ရှိတိုးတက်မှုများကိုအားပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီ အမြန်ရောက်ရှိအောင်ကြိုးပမ်း

ပြည်သူတစ်ဦးချင်းတိုးတက်မှုရှိမှသာ နိုင်ငံတော်တိုးတက်မည်ဖြစ်၍ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်

နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မော်တော်ယာဉ်များဖြင့် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတက တာဝန်ရှိသူများအား ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားဦးရေနှင့် ဆရာ ဆရာမများ အခြေအနေကိုမေးမြန်းပြီး ကျောင်းအဆင့် မြှင့်တင်နိုင်ရေးနှင့် ကျောင်းသားဦးရေ ပိုမိုလက်ခံသင်ကြားနိုင်ရေးတို့အတွက် ကျောင်းမြေနေရာတိုးချဲ့ရရှိရေး ဆောင်ရွက်ပေးရန် မှာကြားသည်။

တည်ဆောက်ပေး

အဆိုပါ အခြေခံပညာမူလတန်းကျောင်း၏ မူလကျောင်းဆောင်မှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သဖြင့် နိုင်ငံတော်က အလျားပေ ၆၀၊ အနံပေ ၃၀နှင့် အမြင့် ၁၅ ပေရှိ အုတ်ညှပ် (Steel Structure) ကျောင်းဆောင်သစ်ကို ငွေကျပ် ၂၁၆ သိန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကော့မှူးမြို့ မြို့နယ်အားကစားခန်းမသို့ ရောက်ရှိပြီး မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁၄ ရက်)

သန့်စင်သောသွေးကို စဉ်ဆက်မပြတ် လှူဒါန်းကြမည်

ဇွန်လ ၁၄ ရက်နေ့ (ယနေ့) သည် ကမ္ဘာ့သွေးလှူရှင်များနေ့ ဖြစ်သည်။

လူတစ်ဦး အသက်ရှင်နေထိုင်ရေးအတွက် ခန္ဓာကိုယ်အတွင်းရှိ သွေးပမာဏသည် သတ်မှတ်ထားသည့် ပမာဏအတိုင်း အမြဲရှိနေရမည်ဖြစ်သည်။ ထိုသတ်မှတ်ပမာဏထက် လျော့နည်းပါက လူ၏အသက်ကို ထိခိုက်နိုင်သည်။ ထို့ကြောင့် ''သွေးသည်အသက်''ဟုသွေး၏အရေးကြီးမှုကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ်မှစ၍ သွေးလှူဘဏ်လုပ်ငန်းဖြင့် လူနာများ၏အသက်ကိုကယ်တင်ခဲ့ရာ သွေးလှူရှင်များ၏ ပါဝင်လှူဒါန်းမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာခဲ့သည်။ သွေးလှူရှင်များတွင် လူနာလိုအပ်၍ ခေါ်ယူရသော သွေးလှူရှင်များထက် စေတနာအလျောက်လှူဒါန်းသည့် သွေးလှူရှင်များက ပိုမိုများပြားကြောင်း လေ့လာသိရှိရသည်။

သွေးလှူဒါန်းမှု မှန်မှန်ပြုနေသူများသည် ဆေးပညာဆိုင်ရာ ဗဟုသုတပိုမိုရရှိပြီး ကျန်းမာရေးပိုမိုကောင်းမွန်ကြောင်းကို အကြိမ်များစွာ သွေးလှူဒါန်းခဲ့ဖူးသူများက ညွှန်းပြပြောဆိုခဲ့ကြသည်။ သွေးလှူဒါန်းမှုတွင် အများစုသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းဖြစ်သည်ကို တွေ့ရှိရသည်။

လူငယ်များအပါအဝင် သွေးလှူရှင်များသည် စဉ်ဆက်မပြတ်သွေးလှူဒါန်းမှုကို ပြုလုပ်ကြပါက ကျန်းမာခြင်း၊ တက်ကြွလန်းဆန်းခြင်း၊ လှူဒါန်းရသောကုသိုလ်အတွက် စိတ်ချမ်းမြေ့ခြင်း စသောအကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ မိသားစုသည်လည်း လူမှုဒုက္ခကင်းဝေး၍ ကျန်းမာပျော်ရွှင်သော မိသားစုဘဝကို ရရှိကြမည်ဖြစ်သည်။

သွေးသွင်းကုသသည့် လူနာများအတွက် သွေးကို စံချိန်မီလုံလောက်စွာ ရရှိရန်လိုအပ်သကဲ့သို့ လှူဒါန်းသောသွေးသည် သန့်စင်သော သွေးဖြစ်ရန်အရေးကြီးပေသည်။ သွေးလှူရှင်များသည် ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အသည်းရောင်အသားဝါဘီပိုး၊ စီပိုး၊ ခုခံအားကျဆင်းမှု ရောဂါကင်းစင်သူများ စသည့် ရောဂါပိုးကင်းသူများဖြစ်ရန် အရေးကြီးသည်။ ထို့ကြောင့် အန္တရာယ်ကင်းသော သွေးရရှိရန်အတွက် သွေးမလှူဒါန်းမီ စစ်ဆေးပြီးမှသာ လှူဒါန်းကြရမည်ဖြစ်သည်။

သွေးလှူဒါန်းမှုပြုခြင်းသည် ကျန်းမာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း လူ့အသက်ကိုကယ်တင်ရသော ကုသိုလ်ကောင်းမှုတစ်ခုဖြစ်ရာ သန့်စင်မွန်မြတ်သောလုပ်ငန်းကို စဉ်ဆက်မပြတ် သွေးလှူဒါန်းခြင်းဖြင့် ပါဝင်ကုသိုလ်ယူနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား ကျောက်တန်း၌ကျင်းပ

ရန်ကုန် ဇွန် ၁၃

၂၀၁၁ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ကျောက်တန်းမြို့ (မြို့မ)အလက ရွှေသံလွင်ခန်းမ၌ မေ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌကပေးပို့သော သဝဏ်လွှာကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မိုမိုခိုင်က ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ၂၀၁၀ခုနှစ်အတွင်း ထူးချွန်သည့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုးရေးပညာပေးဆွေးနွေး

ပြည် ဇွန် ၁၃

ပြည်မြို့နယ်တွင် သိပ္ပံနည်းကျမိုးစပါးစိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲကို မေ ၂၄ ရက်က ဇီးအုပ်ပညာပေးစခန်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မန်နေဂျာများနှင့် ကွင်းဝန်ထမ်းများက မိုးစပါးတစ်ဧကတင်း၁၀၀နှုန်းအထက် ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်း (၁၄)ချက်ကို ပညာပေးဆွေးနွေးကြသည်။ ပြည်မြို့နယ်၌ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုးစပါး ၈၇၄၅၂ ဧက စိုက်ပျိုးမည်ဖြစ်ရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းများက သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးကြရန် ကွင်းဆင်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ထန်းတပင် ဇွန် ၁၃

ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ခုနှစ်ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့်ဇနီး ဒေါ်ပေါက်ပေါက်တို့က ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ငွေကျပ် ၂၃၃၀၀၀ နှင့် ငွေကျပ် ၆၄၇၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၀၄၈)

ဇလွန်မြို့မဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို မေ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၄-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၂၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၁၀)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၅။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆:၂၅ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၃၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ မွေးမြူသုတ
၂၄။ ဟာသရုပ်စုံ
၂၅။ သီချင်းလက်ဆောင်
၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်**(အပိုင်း-၁၀)
၂၈။ Mini Series

နောင်ချို မြို့မဈေး ကွင်းဆင်းစစ်ဆေး

နောင်ချို ဇွန် ၁၃

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါးများ၊ ယင်လုံဆန်ခါဖြင့်ဖုံးအုပ်ရောင်းချမှု၊ အသားဈေးနှုန်း၊ ဈေးကောက်နှုန်းထားများကို သတ်မှတ်ထားသည့် လေလံစည်းကမ်းနှင့်အညီ ရောင်းချခြင်း၊ ဈေးဆိုင်များ အလေး၊ တင်းတောင်း၊ ချိန်ခွင် မှန်ကန်စွာ ရောင်းချခြင်း ရှိ မရှိကို ဇွန် ၆ ရက်က အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နှင်းသက်ခိုင်နှင့်အဖွဲ့ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မောင်းလျှင် မမူးနှင့် မူးလျှင် မမောင်းနှင့်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၃

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ပြန်ကြားရေးဝန်ကြီးဌာနက ချမှတ်ထားသည့် စာပေနှင့်စာနယ်ဇင်းဆိုင်ရာ မူဝါဒများနှင့်အညီ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မေ ၂ ရက်တွင် ဖွင့်လှစ်ခဲ့သည့် မီဒီယာကော်နာ ဆိုင်ခန်းများနှင့် စပ်လျဉ်းသည်များ၊ ဆရာပါရဂူ စာကြည့်တိုက်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

တာဝန်သိစွာ ဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက စာပေမူဝါဒသစ်နှင့် စပ်လျဉ်း၍ တာဝန်သိ၊ တာဝန်ရှိစွာ ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းပါဝင်

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က စာပေလောကသားများ လိုက်နာရမည့် ကျင့်ဝတ်များ ရေးဆွဲပြီးစီးမှု၊ စာပေဆုရွေးချယ်ရေး ကိစ္စများတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၂)ဦးခင်မောင်လေးက အသင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြသည်။

ယင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မျိုး (မောင်မျိုး- ကြောင်နှစ်ကောင်)က ကျေးရွာစာကြည့်တိုက်များတွင် အသုံးပြုရန် ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ စာအုပ် အုပ်ရေတစ်သောင်းကို ပေးအပ် လှူဒါန်းသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦး တင် လှိုင် (လယ်တွင်းသားစောချစ်)ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာအုပ် စာပေ၊ လူမိုက်ဆွေ

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၁၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဧည့်ရိပ်သာ၌ တိုင်းဒေသကြီး၊ တိုင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူးရုံးဟောင်း အဆောက်အအုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ရန် သင်တန်းခန်းမနှင့် သင်တန်းသားအိပ်ဆောင်များ ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရန်ကုန်မြို့ ပြည်လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ချိန်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးဆိုင်ရာနည်းလမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ ပြည်ဝင်နှင့် ပြည်ပြန်ဝင်ခွင့်ဆိုင်ရာ လုပ်ငန်းများအား နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ရှင်းလင်းမှာကြားသည်။

စစ်ဆေးခဲ့

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ လမ်းမတော်၊ ပုဇွန်တောင်၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံနှင့် ရန်ကင်းမြို့နယ်ဦးစီးဌာနမှူးရုံးများ၏ ရုံးအဆောက်အအုံအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်မြို့ ပြည်လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဒေးဒရဲမြို့ မြို့မဈေးအတွင်း ဈေးရုံများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်နှင့် ဝန်ထမ်းများဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေး ရေဝေရေလဲရှိ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်း

နေပြည်တော် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ဝါသုတေသနနှင့် မျိုးသန့်ခြံသို့ ရောက်ရှိပြီး ဝါသုတေသနပညာရှင်များ၏ ငွေချည်ခြောက် ဝါမျိုးကို ပင်ကြားတန်းကြားအမျိုးမျိုး စမ်းသပ်သုတေသနစိုက်ပျိုးခြင်းများ၊ အာဟာရလိုအပ်ချက် စမ်းသပ်သုတေသနစိုက်ခင်းများ၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု စမ်းသပ်သုတေသနစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းသား ၄၇ ဦးတို့၏ မြေယာသစ်တွင် လယ်ထွန်စက်ကြီးများ၊ လက်တွန်း လယ်ထွန်စက်များဖြင့် လက်တွေ့လေ့ကျင့် ထွန်ယက်နေမှု၊ သုတေသနစိုက်ကွင်းများ စိုက်ပျိုးရေးအလုံအလောက် ရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ကင်းတားလက်ဝဲမြောင်းပြုပြင်ခြင်း၊ မြောင်းငယ်များပြုပြင်ခြင်းနှင့် လယ်ကြားမြောင်းများပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ရွာင်မြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်နေသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း၏ ပုံစံငယ်ကိုလည်းကောင်း၊ ရှုရပ်မှနေ၍ ပင်မတမံကို စက်ယန္တရားကြီးများဖြင့် မြေသားလွှာ၊ သဲလွှာ၊ ကျောက်လွှာများ ဖို့နေမှုနှင့် Power Intake အဆောက်အအုံ ဆောက်လုပ်မည့်နေရာကိုလည်းကောင်း၊ မြေထိန်းနံရံ တည်ဆောက်နေမှုနှင့် ရေအားလျှပ်စစ်ဥမင်လိုဏ်အထွက်ပိုင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအထူးသတိထား ဆောင်ရွက်ကြရန်နှင့် ကမ္ဘာတစ်ဝန်း ရာသီဥတုရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲမှုနှင့် မမျှော်မှန်းနိုင်သော ငလျင်နှင့် သဘာဝဘေး အန္တရာယ်ဒဏ်များကို ကြိုတင်တွက်ဆပြီး အသက်အိုးအိမ်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သည့်အစီအမံများ ချမှတ်လုပ်ဆောင်ထားကြရန်၊ ရေလှောင်တမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲရှိ သစ်တော သစ်ပင်များနှင့် သဘာဝသားရဲတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်ရန်၊ တည်ဆောက်နေသည့် ကာလတွင် ငွေ၊ပစ္စည်း၊ စက်သုံးဆီ၊ စက်ယန္တရားများကို အလေအလွင့်မရှိအောင် စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်၊ ရေအားလျှပ်စစ်တည်ဆောက်ရေးတွင် သက်ဆိုင်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း တည်ဆောက်ကြရန် မှာကြားခဲ့သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ် ရွာင်မြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ တမံအလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေရှိ မြေသားတမံ ဇုန်အမျိုးအစားဖြစ်ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် ရေအားလျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် (၁၅ မဂ္ဂါဝပ် ×၂ လုံး)ဖြင့် နှစ်စဉ်ပျမ်းမျှထုတ်လွှတ်မည့် လျှပ်စစ်ဓာတ်အား နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ ကီလိုဝပ် ပေးနိုင်ရေးအတွက် တည်ဆောက်လျက်ရှိရာ ဇွန် ၁၀ ရက်အထိ လုပ်ငန်းအားလုံး၏ ၆၇ ဒသမ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၅	၉။	**ဗီဇိတနိုင်ငံသွားလျှကြစို့**
၈:၄၀	၁၀။	**International News**
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၃:၃၀	၁။	**Myanmar National League MNL Grand Royal Cup (2011)** ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်း)
၅:၀၀	၂။	တေးဂီတအစီအစဉ်
၅:၁၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ် (သချာင်္အထူးပြု) (သချာင်္)
၅:၂၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀	၅။	ကြေးမုံရိပ်သွင်တေးနယ်ညီ
၅:၄၅	၆။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	မိုးလေဝသအခြေအနေ
၆:၂၀	၉။	**ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
၆:၅၀	၁၀။	**ဆိုလိုက်ကြစို့**
၇:၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ)(အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**ရုပ်စရာဟာသများ**
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၆)

ရေဝတီတံတား(ညောင်တုန်း)တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ရေဝတီတံတား(ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီးမအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ချဉ်းကပ်ကားလမ်း နှစ်ဖက်အရှည် ၃၄၁၂ ပေ၊ ချဉ်းကပ်ရထားလမ်း နှစ်ဖက်အရှည် ၁၃၁၄၃ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၃ လက်မစီ ပါရှိပြီး ရေလမ်းကင်းလွတ် အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ရှိသည်။

တပ်ဆင်

ရေဝတီတံတား (ညောင်တုန်း) တွင် မီတာ ၁၂၀ အရှည် ၁၆ ခန်း၊ မီတာ ၁၀၀ အရှည် နှစ်ခန်း ၊ မီတာ ၆၀ အရှည် နှစ်ခန်း စုစုပေါင်း သံပေါင်အခန်း ၂၀ ပါရှိပြီး သံပေါင်တပ်ဆင်ပြီးစီးမှုမှာ မီတာ ၁၂၀ အရှည် ကိုးခန်း၊ မီတာ ၁၀၀ အရှည် တစ်ခန်းနှင့် မီတာ ၆၀ အရှည် နှစ်ခန်း စုစုပေါင်း သံပေါင်အခန်း ၁၂ ခန်း တပ်ဆင်ပြီးစီး၍ ကျန်ရှိသည့် သံပေါင်ရှစ်ခန်းကို ဆက်လက်တပ်ဆင်လျက်ရှိကြောင်း သိရှိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ရေဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပုသိမ်ဘက်ကမ်းရှင်းလင်းဆောင်ရွက်ရပ်မှ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ချဉ်းကပ်(ကား၊ရထား) တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်ကားလမ်းမြေကြီး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းနှင့် ချဉ်းကပ်လမ်းပေါ်ရှိ တံတားများတည်ဆောက်နေမှုတို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ကျောက်မဲခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးသော ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က မေတ္တာမွန်ခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော် ကျောင်းသားတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင်မိခင်/ကလေး)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၆)ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၄၆)ကို မော်ဒယ် ဗီဒီယိုသရုပ်ဆောင် နှင်းနှင်းစုလှိုင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ ရွှေမြိုင်ပြုံးလှဲ့မော်၊ မျိုးခိုင်(မူဆယ်)၊ ဘွင်းဘွင်း၊ ကမာမင်း(တပ်ကုန်း)၊ မင်းသန်းမင်း (မင်းကင်း)၊ မင်းနီခိုင်(မောင်တော)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ အံ့ကြည်ဟိန်း (လယ်ကိုင်းမြို့ဟောင်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)တို့၏ အဖွင့်ကဗျာများ၊ ဗိုလ်ကလေး တင့်အောင်၊ ခင်မာလွင်(ပညာရေး)၊ သောင်းဝင်း (လှိုင်)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊မောင်စိမ်းနောင် (လယ်ဝေး)၊ ပြေအေး(မြင်းမူ)၊ ကျော်ဇေယဟိန်း (ဒေါ်ပုံ)၊ မောင်ယဉ်ဝင်း(ဒေါ်ပုံ)၊ မင်းပြား မင်းသိန်း၏၊ ပန်းတနော် စောလွင်၊ အောင်စည်ချမ်းသာ၊ ရွှေနေမင်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ တွင်းကြီးသား တင်ဝင်းဦး၊ ချစ်နိုင်(စိတ်ပညာ)၊ ရန်နိုင်၊ မွေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ နွယ်ဇင်ဦး(မြန်မာစာ)၊ မောင်အေးနှစ်(ပညာရေး)၊ ဝိုင့်-လှိုင်းသစ်၊ စိုးနောင်(ပေါက္ကံ)၊ အောင်ချစ်စိုး (လသာ)၊ မလေး(မုံရွာ)၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့ စာပန်းချီ၊ ကဗျာ ပန်းရုံရိပ်၊ ဘဝခရီးသည်၊ အမှတ်တရပုံရိပ်၊ စာပေခရီး စာပေရေစီး၊ ဗုဒ္ဓစာ ဉယျာဉ်၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ စာပေရေးရာအထူးကဏ္ဍ၊ အမြတ်ဆုံးပူဇော် သံဃာတော်၊ နိုင်ငံတကာပုံပြင်၊သမိုင်းသုတေသန၊ ဟာသရသကဏ္ဍအစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁)၊ အမှတ် ၅၂၉၊ ၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂)သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၃၃၀နှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ ပရဝဏ်၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်၍ ခရေပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှအရာထမ်း၊ အမှုထမ်းများက အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံးစိုက်ခင်း၌ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

အလားတူ မြန်မာ့စီးပွားရေးဘဏ် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများက မိမိတို့ဌာန စိုက်ခင်းများ၌ အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကိုစိုက်ပျိုးကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့်သစ်ပင်များမှာ သစ်မွှေး၊ ပိတောက်၊ စိန်တစ်လုံးသရက်၊ စိန်ပန်း၊ ရွှေကလှ၊ ကံ့ကော်၊ ခရေ၊ ရေတမာနှင့် မဲဇလီပင် စုစုပေါင်းအပင် ၁၅၀၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်စဉ်။ (သတင်းစဉ်)

❖ *ကျော်ဖုံးမှ*

လက်ခံ

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းတို့က ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ကြရာ ကျောင်းသားကျောင်းသူများ၏ မိဘများကိုယ်စား တာဝန်ရှိသူများက လက်ခံကြသည်။

ရုပ်သိမ်း

ယင်းနောက် ကျောင်းသားကျောင်းသူများ၏ မိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ တည်ထောင်ဖွဲ့စည်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအားဗဟိုဌာန (ASEAN Resource Center For Training of Trainers for Civil Service) အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကိုယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ငွေနှင့် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ လေ့ကျင့်ရေးသင်တန်းကျောင်းများ၌ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုမှ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိသူ စုစုပေါင်း ၃၀တို့ တက်ရောက်ကြပြီး လေ့ကျင့် သင်ကြားပေးခြင်းဆိုင်ရာ ဘာသာရပ်ငါးခုကို ရက်သတ္တလေးပတ်ကြာပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ဥဿာမြို့သစ် ဆည်မြောင်းသင်တန်းကျောင်းလမ်းရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသော အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။ **(အောက်ပုံ)**

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များ ဖြန့်ဝေပေးပြီး မဟော်ဂနီပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကံ့ကော်ပင်ကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌက စိန်ပန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယခု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ စိန်ပန်း၊ ကံ့ကော်၊ ခရေ၊ ပျဉ်းကတိုး၊ ပုန်းညက်၊ ပျဉ်းမနှင့်ရေတမာစသည့် အပင်ပေါင်း ၇၄၃ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာဝတ္ထိမြို့ စမတောင် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် အမျိုးသမီးအခြေခံအိမ်တွင်းမှု သင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် အမျိုးသမီးအခြေခံ အိမ်တွင်းမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ပရဟိတကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများ စက်ချုပ်သင်ကြားနေမှုနှင့် သင်ကြားမည့် အင်္ကျီနမူနာပုံစံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် အသုံးပြုမည့် အပ်ချုပ်စက်နှင့်သင်တန်းသုံး ပစ္စည်းများကို ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

သာဝတ္ထိမြို့ စမတောင်မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် အမျိုးသမီးအခြေခံ အိမ်တွင်းမှုသင်တန်းဖွင့်ပွဲအခမ်းအနား၌ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် သင်တန်းသူများ စက်ချုပ်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန် အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ ဦးစီးဌာနများမှ ဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် ညွှန်ကြားရေး မှူးချုပ်များသည် သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

ယနေ့ စိုက်ပျိုးသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်၊ စိန်တစ်လုံးသရက်ပင်၊ ခရေပင်၊ မဟော်ဂနီပင်၊ ပျဉ်းကတိုးပင်၊ စိန်ပန်းပုပင်နှင့် စိန်ပန်းပင်ကြီးစသော နှစ်ရှည်ပင်များအပါအဝင် ပန်းအလှ ပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား UN-HABITAT မှ ဧည့်သည် လာရောက်တွေ့ဆုံ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား UN- HABITAT မှ မြန်မာနိုင်ငံရုံးခွဲတာဝန်ခံ အရာရှိ Mr. Srinivasa B. Popuri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား UN- HABITAT မှ မြန်မာနိုင်ငံရုံးခွဲ တာဝန်ခံ အရာရှိ Mr. Srinivasa B. Popuri သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့်ဟိုတယ်ခရီး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ထွန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် (၅၆) အေနေ ဦးမြင့်သူအား ရည်စူး၍ ဇနီး ဒေါ်ကြိုင်ကြိုင်မြင့်၊ သားသမီးများဖြစ်ကြသော ဦးပြည့်ကျော်သူ-ဒေါ်မို့မို့အောင်ခိုင်၊ ဦးမင်းသက်အောင်-ဒေါ်ယဉ်မင်းသူ၊ မဆုမြတ်ငြိမ်းသူနှင့် မြေးများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလုထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ စောင့်ရှောက်ရေးသူနာပြု ဒေါ်ဝင်းဝင်းရွှေနှင့် ဒေါ်ယဉ်သီတာတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကမ္ဘာ့မိသားစုဆရာဝန်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပမည့် ကမ္ဘာ့မိသားစုဆရာဝန်များနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲအတွက်စာမူများဖိတ်ခေါ်ထားရာ ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များမှာ အသက် (၃၅)နှစ်အထက် ဆရာဝန်များအတွက် Role of family Physicians in providing quality health care services to the community၊ အသက် (၃၅)နှစ်အောက် ဆရာဝန်များအတွက် A family physician is essential for a family၊ ဆေးကျောင်းသား ကျောင်းသူများအတွက် Learning family Medicine since undergraduate days တို့ဖြစ်ကြောင်းသိရသည်။

အဆိုပါ စာစီစာကုံးများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားယှဉ်ပြိုင်ရမည် ဖြစ်ပြီး စာမူများကို ဇူလိုင် ၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန် အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ရုံးခန်း အမှတ် ၂၄၉ သိမ်ဖြူ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁ လိုင်းခွဲ(၁၁၆)၊ ဖုန်း-၀၉-၅၁၃၇၅၃၃၊ ဖုန်း-၀၉-၇၃၁၀၂၄၉၇နှင့် ဖုန်း-၀၉-၅၀၀၇၈၃၈တို့ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်း အတွက် ဂါလန် ၇၅၀၀၀ ဆံ့ ရေလှောင်ကန်သို့ ရေစက်ဖြင့်မောင်းတင် ရေစုဆောင်းမှုကို ဇွန် ၃ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်တော်ယာဉ်မောင်းသူများလိုက်နာရန်

(၁) မှတ်ပုံတင်မရှိ/ သက်တမ်းကုန်ဆုံးနေသည့် မော်တော်ယာဉ်များအား ပြည်သူတို့ဆိုင်ရာနေရာတွင် မောင်းနှင်ခွင့်မရှိ။
(၂) သက်တမ်းရှိမှတ်ပုံတင်လက်မှတ်(အဝိုင်း)ကို ယာဉ်၏ရှေ့ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။
(၃) မှတ်ပုံတင်သက်တမ်းလဲရန် (၅)နှစ်ကျော်ပျက်ကွက်လျှင် မှတ်ပုံတင်ဖျက်သိမ်းမည်ကို သတိပြုပါ။
(၄) မော်တော်ယာဉ်မောင်းနှင်သည့်အခါ သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် အမြဲပါရှိရမည်။
(၅) မိမိယာဉ်မောင်းလိုင်စင်ကို အခြားသူအားပြောင်းလဲသုံးစွဲခွင့်မရှိ။
(၆) ယာဉ်မောင်းလိုင်စင်တွင် ဖော်ပြထားသည့် မောင်းခွင့်ရှိယာဉ်များကိုသာ မောင်းပါ။
(၇) လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၏ သတ်မှတ်စည်းကမ်းအတိုင်းမောင်းပါ။
(၈) သီးခြားကန့်သတ်ထားသည့် အမြန်နှုန်းအတိုင်းမောင်းပါ။
(၉) ယာဉ်ပျက်လျှင် လမ်းဘေးရွှေ့ရပ်ပါ။
(၁၀) ယာဉ်ထိန်းရဲ၏ ညွှန်ပြချက်အတိုင်းလိုက်နာပါ။
(၁၁) မီးစိမ်းကို လုမမောင်းရ။
(၁၂) ယာဉ်မောင်းနေစဉ် ဆေးလိပ်မီးညှိမသောက်ပါနှင့်။
(၁၃) လက်ကိုင်ဖုန်းပြောရင်း ယာဉ်မမောင်းရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ဟိုပင်မြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က အထကကျောင်းတော‌ဇခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက လှူဒါန်းသော ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ၂၀၁၁-၂၀၁၂ခုနှစ်ပညာသင်နှစ်အတွက် မိသားစုဝင် သားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၇ ရက်က အဆိုပါရုံးခန်းမတွင်ကျင်းပရာ မော်တော်ယာဉ်အသင်းဥက္ကဋ္ဌက ကျောင်းသူတစ်ဦးအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (၀၁၁)

ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ ကြေး ပေးအပ်ပွဲကို မေ ၂၆ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းသူတစ်ဦးအား ထောက်ပံ့ကြေးပေးအပ်စဉ်။ (မြန်မာ့အလင်း)

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်မေ္ဂာရုံ၌ မေ ၃၁ ရက်တွင် အလှူရှင်များက ရပ်ကွက်တွင်းရှိ ကျောင်းသား ကျောင်းသူ ၇၆ ဦးအား စာရေးကိရိယာနှင့်ကျောင်းသုံးစာအုပ်များ လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်ရှိန်က ကျောင်းသူတစ်ဦးအား စာရေး ကိရိယာများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်အောင်မြို့နယ် အမှတ်(၃) ရပ်ကွက် မြို့မရေလယ်ကျွန်း အခြေခံ ပညာမူလတန်းကျောင်း၌ မေ ၂၆ ရက်က မြို့နယ်လုံးကျွတ်ကျောင်း အပ်နှံရေးနေ့အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူက ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ ပေးအပ်စဉ်။ (ပညာရေး)

အသက်ပေါင်းများစွာကယ်တင်ဖို့ ဝိုင်းဝန်းသွေးလှူကြပါစို့

ဒေါက်တာသီတာအောင်

ကမ္ဘာတစ်ဝန်းမှ စေတနာသွေးလှူရှင်များကို ကျေးဇူးတင်ကြောင်း စုပေါင်း၍ဖော်ပြလိုသောကြောင့် သွေးလှူရှင်စုဆောင်းမှုကို ဦးဆောင်တာဝန်ယူလုပ်ကိုင်နေသော International Society of Blood Transfusion Service (ISBT), International Federation of Donor Society (FIODS), International Federation of Red Cross and Red Crescent Society (IFRC), World Health Organization (WHO) တို့၏ ဦးစီးနိုးဆော်မှုဖြင့် ၂၀၀၅ ခုနှစ်မှစ၍ ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကျင်းပခဲ့ကြသည်။

မိမိနှင့်တစ်ကြိမ်မျှ တွေ့ဆုံဖူးခြင်းမရှိသောသူများ၏ ကျေးဇူးကြောင့် အသက်ရှင်ခွင့်ရရှိသော လူသန်းပေါင်းများစွာ ကမ္ဘာတစ်ဝန်းတွင် ရှိနေပြီဖြစ်သည်။ တစ်ပါးသူ၏အသက်ကို မိမိအတွက် ဘာမျှမမျှော်ကိုးဘဲ လှူဒါန်းအသက်ကယ်ခဲ့သော သွေးလှူရှင်များကို ဆေးကုသမှုနယ်ပယ်မှ ပညာရှင်များက ကျေးဇူးတင်ကြောင်းပြသလိုသည်မှာ ပြုသင့်သောလုပ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် သွေးသွင်းကုသမှုလုပ်ငန်းများ၏ ကျေးဇူးရှင်ဖြစ်သော သွေးအုပ်စုများစွာကို ရှာဖွေပေးခဲ့သည့် နိုဘယ်ဆုရှင် Karl Lensteiner အားလည်း အမြဲအမှတ်ရစေရန် ၎င်း၏မွေးနေ့ ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

နိုင်ငံအသီးသီးတွင် ၎င်းနိုင်ငံတို့၏ အစီအစဉ်၊ ရည်ရွယ်ချက်များအတိုင်း ကျင်းပကြသော သွေးလှူရှင်များနေ့ကို အစားထိုးရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ စေတနာသွေးလှူရှင်စုဆောင်းမှုကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရန် ပြုလုပ်မည့်အစီအစဉ်များအတွက် ခြေလှမ်းများ စတင်နိုင်ရန် လိုအပ်သော အစီအစဉ်များ ရေးဆွဲရာတွင် ထောက်ပံ့မှုပြုနိုင်ရေးအတွက်သာ ရည်ရွယ် သတ်မှတ်ခြင်းဖြစ်သည်။

WHO ၏ စစ်တမ်းများအရ နိုင်ငံပေါင်း ၁၆၂ နိုင်ငံတွင် ၈၅ ဒသမ ၄ သန်းသော သွေးလှူရှင်များ သွေးလှူဒါန်းမှုပြုနေကြောင်း သိရှိရသည်။ ၎င်းသွေးလှူရှင်များ၏ ၃၅ ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်း နေထိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွေးလှူဒါန်းမှုဖြစ်သောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူနာများအတွက် သွေးလုံလောက်စွာရရှိနိုင်မှုမှာ ပူပန်စရာဖြစ်နေပေသည်။ တိုင်းပြည်တစ်ပြည်တစ်ပြည်၏ သွေးလုံလောက်စွာရရှိနိုင်မှုမှာ ၎င်းတိုင်းပြည်တွင်နေထိုင်သော လူဦးရေ ၁၀၀၀ တွင် သွေးလှူဒါန်းမှုပြုသူမည်မျှရှိသည်ဟူသည့် ညွှန်ကိန်းပေါ်မူတည်၍လည်း ဆုံးဖြတ်နိုင်သည်။

တိုင်းပြည်တစ်ပြည်၏ လူဦးရေတစ်ထောင်တိုင်းတွင် သွေးလှူရှင် ၁၀ဦး ရှိနေမှုကို ၎င်းတိုင်းပြည်ရှိ လူနာများ သွေးလုံလောက်စွာရရှိနိုင်မှုအတွက် အနိမ့်ဆုံးညွှန်းကိန်းအဖြစ် သတ်မှတ်ထားရှိသည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များ၏ သွေးလှူဒါန်းမှု ညွှန်းကိန်းမှာ ၃၂ ဒသမ ၁ (၄ ဒသမ ၉၂-၆၈ ဒသမ ၀၁) ဖြစ်ပြီး ဖွံ့ဖြိုးမှုနည်းသော တိုင်းပြည်များတွင်ရှိ ညွှန်းကိန်းမှာ ၂ ဒသမ ၃ (၀ ဒသမ ၄-၇ ဒသမ ၄၆) ခန့်သာရှိနေကြောင်း တွေ့ရှိရသည်။ သွေးလှူဒါန်းမှုညွှန်းကိန်း ၁၀ ထက်လျော့နည်းသော နိုင်ငံ ၇၃နိုင်ငံတွင် ၇၁ နိုင်ငံ ၉၇ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲတိုင်းပြည်များဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လူနာများသွေးလုံလောက်စွာရရှိနိုင်မှုကို ၎င်းတိုင်းပြည်၏ သွေးလှူဒါန်းမှု ညွှန်းကိန်းက ညွှန်ပြနေပြီး ၎င်းသွေးလှူဒါန်းမှုညွှန်းကိန်းကို တိုင်းပြည်၏ ဖွံ့ဖြိုးမှုအခြေအနေမှ တိုက်ရိုက်ဆက်သွယ်ထောက်ပံ့နေကြောင်း တွေ့ရှိရပါသည်။

နိုင်ငံပေါင်း ၁၆၂ နိုင်ငံအနက် ၅၇ နိုင်ငံရှိ သွေးသွင်းကုသမှုလုပ်ငန်းများကို စေတနာသွေးလှူရှင် (VNRD)၁၀၀ ရာခိုင်နှုန်းဖြင့် ထောက်ပံ့ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ ကျန်နိုင်ငံများအနက် ၄၂ နိုင်ငံတွင် ဆောင်ရွက်နေသော သွေးသွင်းကုသမှုလုပ်ငန်းများကို အခကြေးငွေယူသော သွေးလှူရှင် (PD) နှင့် မိသားစု သို့မဟုတ် ပတ်ဝန်းကျင်မှထောက်ပံ့သော သွေးလှူရှင် (RD) ၇၅ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နေကြပါသည်။

ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာန၏ မှတ်တမ်းများအရ ၂၀၀၃ ခုနှစ်တွင် စေတနာသွေးလှူရှင် ၃၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း တွေ့ရှိရသည်။ ၎င်းတွေ့ရှိချက်သည် ပြည်သူများ၏ သွေးသွင်းကုသမှုလုပ်ငန်းအပေါ် နားလည်လာမှုနှင့် တာဝန်သိမှုမြင့်မားလာခြင်းကို ညွှန်ပြနေပါသည်။



ထို့အပြင် သွေးလှူရှင်များ သွေးလာရောက် လှူဒါန်းရာတွင် ၎င်းတို့၏ ကျန်းမာရေးအတွက် စိစစ်မှုများပြုလုပ်ပြီး သင့်တော်သူများသာ လှူဒါန်းမှုပြုနိုင်ခြင်းဖြစ်၍ လှူဒါန်းခွင့်မရသူများမှာလည်း လေးစားထိုက်သူများပင်ဖြစ်ပေသည်။ ၂၀၀၇ ခုနှစ်တွင်လှူဒါန်းခွင့်ရသူ ၂၇၁၉၇ ဦးနှင့် လှူဒါန်းခွင့်မရသူ ၇၉၄၉ ဦးရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် လှူဒါန်းခွင့်ရသူ ၃၃၀၅၂ ဦးနှင့် လှူဒါန်းခွင့်မရသူ ၁၁၄၇၀ ရှိနေ၍ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ သွေးလှူဒါန်းမှုပြုသည့်နှုန်းထက်မြင့်မားကြောင်း တွေ့ရှိရပေသည်။

စေတနာသွေးလှူရှင်များသည် သွေးလှူဘဏ်တွင်လာရောက်လှူဒါန်းသကဲ့သို့ ပြင်ပသွေးလှူဒါန်းပွဲများတွင်လည်း လာရောက်လှူဒါန်းမှုပြုခဲ့ကြပါသည်။ ၂၀၀၃ ခုနှစ်တွင် ပြင်ပသွေးလှူဒါန်းပွဲများမှ ၄၁၁၄ ဦးလှူဒါန်းခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ၁၁၂၇၈ ဦးအထိ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပြင်ပသွေးလှူဒါန်းပွဲများ ပြုလုပ်ပေးသည့် စေတနာရှင်အဖွဲ့များ၏ ပိုမိုတိုးတက်လာသော စည်းရုံးထောက်ပံ့မှုကို တွေ့ရှိရသည်။

ထို့အပြင် ပထမအကြိမ် သွေးလှူဒါန်းသူများမှာ ၂၀၀၇ ခုနှစ်တွင် ၁၃၅၄၇ ဦးနှင့် ၂၀၁၀ ခုနှစ်တွင် ၁၄၂၀၈ ဦး၊ ပြန်လည်သွေးလှူဒါန်းသူများမှာ ၂၀၀၇ ခုနှစ်တွင် ၁၃၆၅၀ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၁၈၈၄၄ ဦးဖြစ်၍ သွေးလှူဒါန်းရန် တိုက်တွန်းမှုပြုခြင်း (Motivation & Recruitment)နှင့် ပြန်လည်လှူဒါန်းရန်အားပေးမှု (Retainment) တို့မှာ ဆက်လက်တိုးတက်နေကြောင်း တွေ့ရှိရသည်။ ပထမအကြိမ် သွေးလှူဒါန်းသူများ၏ ၃၂ ဒသမ ၂ ရာခိုင်နှုန်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၂ ဒသမ ၈၃ ကြိမ်ပြန်လည်လှူဒါန်းမှုပြုနေပြီး ၅ ဒသမ ၅ ရာခိုင်နှုန်းသည် ၅ ကြိမ်အထက် မှန်မှန်ပြန်လည်လှူဒါန်းနေသော (Regular Donor) များဖြစ်သွားကြောင်း တွေ့ရှိရသည်။ သွေးလှူရှင်အဖွဲ့များတွင် လာရောက်လှူဒါန်းသူများသည် တစ်ဦးချင်းလာရောက်လှူဒါန်းသူများထက် ပြန်လည်လှူဒါန်းမှုပြုသော (Yield Rate) ၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် သွေးလှူဒါန်းပွဲများကို စေတနာ့ဝန်ထမ်းစိတ်ဖြင့် လူအင်အား၊ ငွေကြေးအင်အားထောက်ပံ့ပေးနေသော သွေးလှူဒါန်းမှုအဖွဲ့များ၏ ကြိုးပမ်းမှုများသည် လူနာများအတွက် အမှန်တကယ်အကျိုးရှိကြောင်း အသိပေးအပ်ပါသည်။

သွေးသိုလှောင်မှုမပြုနိုင်၍ သွေးလှူဒါန်းမှုပြုမည့် စေတနာသွေးလှူရှင်များကို လိုအပ်မှသာ လှူဒါန်းခွင့်ရသည့် သွေးလှူဘဏ်များတွင် Myanmar Brewery Limited ၏ အကူအညီဖြင့် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးထိုးပေးခြင်းကြောင့် ၎င်းသွေးလှူရှင်များ၏ စာရင်း၊ ဆက်သွယ်ရန်လိပ်စာတို့ကို ပြုစုနိုင်ခဲ့ပါသည်။ ၎င်းဒေသများတွင် သွေးလှူရှင်များ ပြန်လည်လှူဒါန်းမှု တိုးတက်လာခြင်းနှင့် သွေးအတွင်းစစ်ဆေးတွေ့ရှိရသော ရောဂါပိုးများ၏ တွေ့ရှိမှု ကျဆင်းလာခြင်းတို့ကို သိသာစွာတွေ့ရှိရပါသည်။ ၂၀၀၉ ခုနှစ်မှစ၍ ယခုနှစ်အထိ ဒေသ ၁၉ ခုတွင် သွေးလှူရှင်စုစုပေါင်း ၅၅၇ ဦးအား ကာကွယ်ဆေး သုံးကြိမ်စီထိုးပေးပြီးဖြစ်ပါသည်။

ယခုကဲ့သို့ စာရင်းဇယားများကို ဆန်းစစ်နိုင်ရန် Softwares များကို ထောက်ပံ့ပေးခဲ့သော JICA (MIDC Project)၊ သွေးလှူရှင်များပြန်လည်လှူဒါန်းမှုပြုနိုင်ရန် ငွေအား လူအားဖြင့်ကူညီ၍ ကာကွယ်ဆေးထိုးခြင်းကို ထောက်ပံ့ပေးသော Myanmar Brewery Limited ၊ သွေးလှူရှင်များစုဆောင်းမှုကို မိမိတို့၏ လုပ်အား၊ ငွေအား၊ အချိန်တို့ စိုက်ထုတ်၍ ဆောင်ရွက်ပေးသောအဖွဲ့များ၏ ကူညီမှုတို့သည် စေတနာသွေးလှူရှင်များ လှူဒါန်းမှုတိုးတက်လာခြင်းဟူသောရလာဒ်၏ အထောက်အပံ့ကောင်းများဖြစ်ကြပေသည်။

ယခုအခါ လူငယ်များ၏ သွေးလှူဘဏ်လုပ်ငန်းအတွက် ပညာအား၊ စီမံခန့်ခွဲမှုအားတို့ဖြင့် ကူညီပံ့ပိုးမှုတို့မှာ ပိုမိုတိုးတက်လာ၍ ၎င်းလူငယ်များအား လူနာများကိုယ်စား လေးစားကျေးဇူးတင်လျက်ရှိပါသည်။ ထို့ကြောင့် လူနာများအတွက် အန္တရာယ်ကင်းသော သွေးဖြင့် လုံလောက်စွာထောက်ပံ့နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြသူအားလုံး၏ စိတ်ထားကောင်းများ၊ မွန်မြတ်သောလုပ်ဆောင်မှုများသည် နောင်အနာဂတ်လူ့ဘောင်အတွက် အေးငြိမ်းချမ်းသာသော အသီးအပွင့်ကောင်းများ ဖြစ်ပေါ်လာမည်မှာ မလွဲဧကန်ဖြစ်ပေသည်။ ။

ကုန်သွယ်ရေးပြပွဲဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

Yangon International Trade Exhabition 2011 Including: Globbal Education Exhibition 2011 ပြပွဲကို ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ကျင်းပရန် စီစဉ်လျက်ရှိရာ အဆိုပါပြပွဲနှင့်ပတ်သက်၍ စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါရှင်းလင်းပွဲတွင် IEMS Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေ **(အပေါ်ပုံ)**၊ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဖြိုး၊ One two One Trading Co., Ltd. ဒါရိုက်တာဦးမောင်ကြီး၊ United Asia Co., Ltd. Deputy General Manager ဦးဝေယံလင်းထွန်းနှင့် Spanky Music Production မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမျိုးတို့က ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါပြပွဲတွင် နိုင်ငံတကာ ပညာရေးဝန်ဆောင်မှုပြခန်းများကို သီးသန့်နေရာ စီစဉ်ပေးထားပြီး ကျောင်းသွားတက်မည့်သူများ ဆွေးနွေးနိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များမှ ဟောပြောချက်များကို နားထောင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါပြပွဲတွင် အိမ်ဆောက်ပစ္စည်းများ၊ မော်တော်ယာဉ်ကြီးများ၊ Airconditioners များ၊ ဓာတ်ထိုးပန်းထိုးစက်ကြီးများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချကြမည် ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၈၆၂၆၀၈၀၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ပုသိမ်မြို့နယ်၌ ပုသိမ်-ရှမ်းရွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၃၀ ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းရာဇာထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ရွှေဆွဲကြိုးလုယက်သူများအား နာရီပိုင်းအတွင်းဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၈ ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ အပေါင်ဆိုင်တစ်ဆိုင်၌ မေ ၃၁ ရက် မွန်းလွဲပိုင်းက လုယက်မှုဖြစ်ပွားခဲ့ကြောင်းနှင့် လုယက်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ထွက်ပြေး

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် အပေါင်ဆိုင်သို့ လူနှစ်ဦးရောက်ရှိလာပြီး ရွှေဝယ်လိုကြောင်း ပြောသဖြင့် ရွှေဆွဲကြိုးနှစ်ကုံးကို ထုတ်ပြခဲ့ရာ အဆိုပါလူနှစ်ဦးက ဆွဲကြိုးနှစ်ကုံးကိုယူ၍ အသင့်စောင့်နေသောလူငယ်နှစ်ဦးနှင့်အတူ စက်ဘီးများဖြင့် ထွက်ပြေးသွားခဲ့ကြကြောင်း သိရသည်။

ရွှေဆွဲကြိုးလုယက်သွားကြောင်း သိလျှင်သိချင်း နယ်မြေခံရဲတပ်ဖွဲ့က စုံစမ်းရာ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၈ ရပ်ကွက် ပုလဲရတနာလမ်းနှင့် မြိတ်လမ်းထောင့်တွင် ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၀ ရပ်ကွက်နေသူများဖြစ်သည့် စိုးပြည်ဟိန်း ၁၉ နှစ်အား အနက်ရောင် ဂျပန်စက်ဘီးဖြင့် လည်းကောင်း၊ အနီးရှိ အိမ်အတွင်း ပုန်းအောင်းနေသည့် ထွန်းနောင်စိုး ၂၅ နှစ်အားလည်းကောင်း ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့ပြီး သက်သေများရှေ့၌ ရှာဖွေရာ စိုးပြည်ဟိန်းထံမှ အလေးချိန် ၃ ပဲ ၂ရွေးခန့်ရှိ ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေး ဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၉)ရပ်ကွက်နေ စိုးမင်း(ခ)ရဲမာန်ထွဋ် ၁၇ နှစ်နှင့် ဇွဲမာန်ထွဋ် ၁၉ နှစ်တို့ နှစ်ဦးအား သက်သေခံပစ္စည်း ၆ ပဲ ၃ ရွေးခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်အဖြူရောင် မိန်းမစီး စက်ဘီး တစ်စီးနှင့်အတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝင်းဝင်းမော်-သတင်းစဉ်)**

14-6 (07).pmd 1 6/14/2011, 3:11 AM

■ *ရှေ့ဖုံးမှ*

တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်၏တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်၊ မြို့နယ်ဖွဲ့စည်းမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံမှု၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားမှုနှင့် ကျောင်းများဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဆေးရုံနှင့် ဆေးပေးခန်းများ ဖွင့်လှစ်ထားမှုအခြေအနေနှင့် နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကော့မှူးမြို့နယ် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အသိတရားနှင့်ယှဉ်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ပြည်သူများ လိုလားတောင့်တသည့် စားဝတ်နေရေး ချောင်လည်ပြည့်စုံလိုမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင် လုပ်ကိုင်စားသောက်လိုမှုဟူသည့် အဓိကလိုလားချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်အောင်မြင်နေမှု၊ ပြည်သူများက ရွေးချယ်တင်မြှောက်ပေးလိုက်သည့် အစိုးရအဖွဲ့ဖြစ်သည်နှင့်အညီ ပြည်သူများ၏အနာဂတ် တောက်ပအောင် ဆောင်ရွက်ပေးနေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရရှိထားပြီးဖြစ်သည့် အားလျော်စွာ ပြည်သူများအနေဖြင့် မိမိတို့၏ အနာဂတ် ဖွံ့ဖြိုးမှုပန်းတိုင်သို့ လျှောက်လှမ်းကြရာတွင် အသိတရားနှင့် ယှဉ်၊ သတိတရားဖြင့် ပေါင်းစပ်ဆင်ခြင်ကြရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများဖြစ်ကြသည့် ဦးသင်းရွှေ၊ ဦးမြင့်အောင်နှင့် ဦးအေးကြိုင်တို့က ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းညွှန်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကော့မှူးမြို့နယ်အတွင်းရှိ ပုပ္ပားကျေးရွာ စေတနာအလင်း စာကြည့်တိုက်၊ ဖျံ့ရွာချောင်ကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက်၊ ထန်းမနိုင်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၊ မကျီးကန်ကျေးရွာ လူငယ်အားမာန် စာကြည့်တိုက်၊ ဝါးသခ်ကျေးရွာ ဟိုဖန်းစာကြည့်တိုက်၊ ခရိုက်ခနိကျေးရွာ နိုင်ငံ့သားကောင်း စာကြည့်တိုက်၊ မှော်ဒေါကျေးရွာ ကျေးလက်လမင်း စာကြည့်တိုက်၊ ကျုံဒရယ်ကျေးရွာ မိုးဆမ်းပန်းစာကြည့်တိုက်၊ ပိန္နဲကုန်းကျေးရွာ သုတဗျူဟာစာကြည့်တိုက်နှင့် နတ်စင်ကုန်းကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်များသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်စာစောင်များကို ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်များကိုယ်စား ပုပ္ပားကျေးရွာမှ ဦးမြင့်သိဟက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကော့မှူးမြို့ရှိ Food Security Shelter တန် ၅၀၀ စပါးသိုလှောင်ရုံ အဆောက်အအုံသို့ ရောက်ရှိပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးမှုနှင့် ဆန်သိုလှောင်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် တာဝန်ရှိသူများအား အဆောက်အအုံကို စနစ်တကျ ထိန်းသိမ်းရန်နှင့် သိုလှောင်ထားသောဆန်များ လေလွင့်ပျက်စီးမှု မရှိစေရေးအတွက် သုံးလတစ်ကြိမ် လဲလှယ်ပေးသွားရန် မှာကြားသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ အဆောက်အအုံမှာ အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်း အစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ အစိုးရက ဆောက်လုပ်လှူဒါန်းသည့် အဆောက်အအုံဖြစ်ပြီး အုတ်၊ ကွန်ကရစ်အမျိုးအစား အလျားပေ ၉၀ နှင့် အနံပေ ၄၀ရှိကာ ဆန်တန်ချိန် ၅၀၀သိုလှောင်နိုင်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကော့မှူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးမှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကော့မှူးမြို့ရှိ Food Security Shelter တန် ၅၀၀ စပါးသိုလှောင်ရုံ အဆောက်အအုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ ကျေးရွာအုပ်စု တော်ခရမ်း ရွာဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျေးရွာမှ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြုစုပျိုးထောင်

ယင်းနောက် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား နိုင်ငံတော်က ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနေသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ မိမိတို့၏ ရင်သွေးငယ်များအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ကြရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျောင်းရှိ ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ကွန်ကရစ်အုတ်ညှပ် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်က ငွေကျပ် ၂၁၆ သိန်း အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ အဆောက်အအုံတစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ညနေ ၅ နာရီ မိနစ် ၂၀တွင် ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမသို့ ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဖူလုံပိုလျှံ

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံ ပိုလျှံမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကွမ်းခြံကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးဝင်းမြင့်၊ ဦးလှဌေးနှင့် ဦးအောင်ဆန်းဝင်းတို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် တင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းညွှန်အမှာစကားပြောကြားသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ တော်ခရမ်းအနောက်၊ ဆူးကလပ်၊ တိုက်ကြီး၊ သဗြုစမ်း၊ ကြခတ်ကုန်းကြီး၊ တော်ခရမ်းအရှေ့၊ ကမာပါ၊ ခလောက်တရာ၊ ကံလျားရှည်နှင့် တော်ကေးကျေးရွာ စာကြည့်တိုက်များအတွက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၁၄ ရက် ညနေအထိခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ တွေ့ဆုံဆွေး

နေပြည်တော် ဇွန် ၁၃

ပြည်တွင်း မော်တော်ယာဉ်ထုတ်လုပ်မှုတွင် မော်တော်ယာဉ်အမျိုးအစားပေါင်းများစွာ ထုတ်လုပ်နိုင်သော်လည်း ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် သယ်ယူပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများကို အလေးထားထုတ်လုပ်ကြရန်၊ ပြည်တွင်း မော်တော်ယာဉ် ဈေးကွက်တွင် အရည်အသွေး စံချိန်ပြည့်မီကာ အရေအတွက်များများ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆွေးနွေးပြောကြားသည်။

ကြိုးပမ်း

ထို့အပြင် ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သည့်မော်တော်ယာဉ်များကို ထိုက်သင့်သည့် အကျိုးအမြတ်ရယူ၍ သုံးစွဲသူပြည်သူများ စိတ်အေးချမ်းသာ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည်အထိ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရန်နှင့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှု အဆင့်တိုင်းကို ပြည်တွင်း၌သာ အများဆုံးထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ မော်တော်ယာဉ် ထုတ်လုပ်သူများ အနေနှင့် တရားဝင်မှန်ကန်သော လမ်းကြောင်းပေါ်မှ ထုတ်လုပ်မှု



...သီဟသူရဦးတင်အောင်မြင့်ဦး ကော့မှူးမြို့ရှိ ...lter တန် ၅၀၀ စပါးသိုလှောင်ရုံ အဆောက် ...စဉ်။ (သတင်းစဉ်)

အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးဝင်းမြင့်၊ ဦးလှငွေးနှင့် ဦးအောင်ဆန်းဝင်းတို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် တင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းညွှန်အမှာစကားပြောကြားသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ တော်ခရမ်းအနောက်၊ ဆူးကလပ်၊ တိုက်ကြီး၊ သဖြုစမ်း၊ ကြခတ်ကုန်းကြီး၊ တော်ခရမ်းအရှေ့၊ ကမာပါ၊ ခလောက်တရာ၊ ကံလျားရှည်နှင့် တော်ကေးကျေးရွာ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်စာစောင်များကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းညွှန်မှာကြား

ဒုတိယသမ္မတသည် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ ရောက်ရှိစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာ၌ ယနေ့မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လိုက်ပါလျက် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များ၏ ပညာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ မူလတန်းကျောင်းဆောင်သစ်များကို သွားရောက်ကြည့်ရှုခဲ့ရာတွင် ကျောင်းများ၏ မြေနေရာအကျယ်အဝန်းမှာ ကျဉ်းမြောင်းနေသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ယနေ့တိုးပွားလာသည့် လူဦးရေနှင့်အတူ ကျောင်းသား ကျောင်းသူများလည်း တစ်နေ့တခြား တိုးတက်လာမည်ဖြစ်ပြီး ကျောင်းဆောင်သစ်များကိုလည်း ဆက်လက်ထပ်မံတိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေဦးမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းတစ်ကျောင်းတွင် စာသင်ခန်းများအပြင် ကျောင်းသား ကျောင်းသူများအတွက် အားကစားလှုပ်ရှားမှုများ လုပ်ဆောင်နိုင်သည့် အားကစားကွင်းများကိုပါ ထည့်သွင်းတည်ဆောက်သွားနိုင်ရန် လိုကြောင်း၊ ဤကဲ့သို့ ကျောင်းစာသင်ခန်းများနှင့် ကျန်းမာရေးလှုပ်ရှားမှုတို့အတွက် လိုအပ်သည့် ကျောင်းမြေနေရာ ရရှိနိုင်ရန် အုပ်ချုပ်ရေး၊ ပညာရေးတို့မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း။

အဓိကစိုက်ပျိုး

ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ တာဝန်ရှိသူများ၏ တင်ပြချက်အရ ဤမြို့နယ်များတွင် နေထိုင်ကြသည့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ကြပြီး ဆန်စပါးကို အဓိက စိုက်ပျိုးနေကြသည့် တောင်သူလယ်သမားများဖြစ်ကြကြောင်း။

ဤမြို့နယ်များတွင် နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားရသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံအားလုံးနီးပါးကိုလည်း နိုင်ငံတော်အစိုးရနှင့် အလှူရှင်များ စုပေါင်းပြုပြင်ဆောင်ရွက်ပေးခဲ့မှုကြောင့် အချို့ဆိုလျှင် မူလအခြေအနေထက်ပင် သာလွန်ကောင်းမွန်ပြည့်စုံမှုရှိနေကြောင်းကိုလည်း သိရှိရကြောင်း၊ ထို့အပြင် ဤဒေသတွင် Cyclone Shelter များနှင့် အရေးပေါ်စားရေရိက္ခာ သိုလှောင်ရုံများကို တည်ဆောက်ထားပြီး ရိက္ခာများအား စုဆောင်းသိုလှောင်ထားပြီးဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ယနေ့နိုင်ငံတော်၏ လက်ရှိတိုးတက်ဖြစ်ထွန်းမှု အခြေအနေကိုအားပြု၍ မိမိတို့ မျှော်မှန်းထားသော ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အမြန်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရဦးမည်ဖြစ်ကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာအုပ်စု တော်ခရမ်းရွာဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဤကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် အဓိကအရေးပါကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန်လိုကြောင်း။

ဖွဲ့စည်းထား

မကြာသေးမီက နေပြည်တော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် နိုင်ငံတကာအတွေ့အကြုံ၊ ပြည်တွင်းအတွေ့အကြုံရှိသည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများစုပေါင်း၍ စာတမ်းပြုစုဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူတစ်ဦးချင်း တိုးတက်မှုရှိမှသာ နိုင်ငံတော်တိုးတက်ခြင်းဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်၍ ပြည်သူများကလည်း လိုက်ပါပူးပေါင်းပြီး အားထည့်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

အလုပ်အကျွေးပြု

ယင်းသို့ ဆောင်ရွက်ကြရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာထားမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်မှုများသည် လွန်စွာအရေးကြီးကြောင်း၊ ပြည်သူအပေါ် စေတနာထား၊ ပြည်သူ့အကျိုးစီးပွားကိုကာကွယ်၊ ပြည်သူကို အလုပ်အကျွေးပြုကြရန်လိုကြောင်း။

ဤနေရာတွင် ဝန်ထမ်းများအနေဖြင့် မိမိ၏တာဝန်ကျေပွန်လိုသည့် ဆန္ဒလွန်ကဲမှုကြောင့် မှားတတ်သည့်အမှားမျိုးမဖြစ်အောင် သတိပြု ဆောင်ရွက်ရန်လိုကြောင်း၊ မိမိဒေသအတွင်း စီမံကိန်းတစ်ရပ်ရပ်ကို အကောင်အထည်ဖော်ရန် လိုအပ်လာပါက ဒေသခံပြည်သူများကိုယ်တိုင်က လိုလိုလားလား လိုက်ပါ ဆောင်ရွက်လာအောင် စည်းရုံးခြင်း၊ အားပေးခြင်း၊ ကူညီခြင်း၊ ပံ့ပိုးခြင်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိ၏ တာဝန်ကျေပွန်လိုသည့် ဆန္ဒလွန်ကဲပြီး မဖြစ်မနေ တာဝန်ပေးခြင်းမျိုးမဖြစ်ရန်လိုကြောင်း။

စည်းရုံးဆောင်ရွက်

ထို့အပြင် ဝန်ထမ်းများအနေဖြင့် စေတနာလွန်ကဲသည့် အမှားမျိုး မဖြစ်အောင်လည်း သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ ကိုယ့်ဒေသအတွက် ဖြစ်စေချင်၊ တိုးတက်စေချင်သည့် စေတနာလွန်ကဲမှုဖြင့် အတင်းအကျပ် တွန်းအားပေးဆောင်ရွက်စေခြင်း မပြုမိရန်လိုကြောင်း၊ မိမိဒေသအခြေအနေနှင့် ကိုက်ညီပြီး အမှန်တကယ်အကျိုးရှိရှိ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းများကိုသာ စည်းရုံးဆောင်ရွက်ပေးကြရန်လိုကြောင်း။

မှာကြား

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို အမြဲမပြတ် လေ့လာသုံးသပ်ပြီး ပြည်သူ့အကျိုးပြုသော၊ ပြည်သူများက ယုံကြည်လေးစားအားကိုးသော ပြည်သူ့အကျိုးပြုဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

...ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ...လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ဆင့်တိုင်းကို ပြည်တွင်း၌သာ အများဆုံးထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ မော်တော်ယာဉ် ထုတ်လုပ်သူများ အနေနှင့် တရားဝင်မှန်ကန်သော လမ်းကြောင်းပေါ်မှ ထုတ်လုပ်မှု ဆောင်ရွက်ကြရန်နှင့် သို့မှသာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမည့် Sustainable Development လမ်းကြောင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မော်တော်ယာဉ် ထုတ်လုပ်သူလုပ်ငန်းရှင်များအတွက် လိုအပ်သည့်ချေးငွေများကို ဘဏ္ဍာရေးမူဝါဒစည်းကမ်းများနှင့်အညီ ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်က သတ်မှတ်ထားသည့် အခွန်အခများကို အပြည့်အဝပေးဆောင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မော်တော်ယာဉ် ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် စက်မှုဇုန်များရှိ ကားထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော မော်တော်ယာဉ်များအတွက် သတ်မှတ်ကုန်သွယ်ခွန်၏ ၂၀ရာခိုင်နှုန်းကိုသာ ပေးဆောင်ရန် လျှော့ပေါ့ပေးထားကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပံ့ပိုးကူညီ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ခွင့်ပြုချက်ရရှိသည့်၊ စစ်ဆေးခံယူပြီးသည့်၊ အခွန်ပေးဆောင်ပြီးသည့် စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို နေ့ချင်းပြီး မော်တော်ယာဉ်လိုင်စင်ထုတ်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာန၏ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များ တိုးတက်ရေးအတွက် ပံ့ပိုးကူညီနေမှုများကို ရှင်းလင်းပြောကြားသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မော်တော်ယာဉ်ထုတ်လုပ်သူလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မော်တော်ယာဉ် ထုတ်လုပ်သူလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထုတ်ပေးမည်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ထုတ်လုပ်ပြီးသော မော်တော်ယာဉ်များကို စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီး Inspection Certificate (I.C) ထုတ်ပေးမည် ဖြစ်ကြောင်း၊ ၎င်း I. C နှင့်အတူ သက်ဆိုင်ရာ အခွန်ဦးစီးဌာနရုံးတွင် တစ်စီးချင်းအလိုက် ထုတ်လုပ်သူ သို့မဟုတ် ကုမ္ပဏီမှ အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း၊ I. C နှင့် အခွန်ပြေစာရှိမှသာ မော်တော်ယာဉ်အား ရောင်းချခွင့် ရှိမည်ဖြစ်ကြောင်း၊ I. C အခွန်ထမ်းပြေစာ၊ အရောင်းပြေစာတို့နှင့်အတူ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လိုင်စင်ကြေး၊ အခြားအခွန်အခများ ပေးဆောင်ပြီးစီးမှ ယာဉ်မှတ်ပုံတင်အမှတ် ထုတ်ပေးမည်ဖြစ်ကြောင်း ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ချီကာဂိုမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လေးဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

မိုးမြင့်လင်းလက် ရေးသားသည်

သေနတ်ပစ်ခတ်မှု ဖြစ်ပွားသည့်နေရာတွင် ချီကာဂို ရဲတပ်ဖွဲ့များ စစ်ဆေးကြစဉ်။

ချီကာဂို ဇွန် ၁၃

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ တောင်ပိုင်းတွင် ဇွန် ၁၂ ရက် ညပိုင်းက သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားရာ လေးဦးသေဆုံးပြီးကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ချီကာဂိုမြို့ ရဲတပ်ဖွဲ့က ဇွန် ၁၃ ရက်၌ ပြောကြားသည်။

ပစ်ခတ်

သေနတ်ပစ်ခတ်မှုများမှာ ယင်းနေ့ ည ၉ နာရီ ၂၄ မိနစ်က စတင်ဖြစ်ပွားခဲ့ရာ ဇွန် ၁၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်အထိ ပစ်ခတ်ခဲ့ကြသည်။ ထိုသို့ ပစ်ခတ်သည့် အဖွဲ့အစည်းအား သတင်းရရှိရန် ရဲတပ်ဖွဲ့က စုံစမ်းဆဲဖြစ်သည်။

ယင်းသေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး သံသယရှိသူတစ်ဦးကိုမျှ ရဲတပ်ဖွဲ့က ယခုအချိန်အထိ ဖမ်းဆီးစစ်ဆေးနိုင်ခြင်း မရှိသေးကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးထားကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်အရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

ဖူကျိ ဇွန် ၁၃

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျိပြည်နယ်တွင် ဆာရီကာအမည်ရှိ မုန်တိုင်းတိုက်ခတ်ပြီးနောက် မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ မြေပြိုမှုဖြစ်ပွားရာ ဒေသခံခုနစ်ဦးသေဆုံးခဲ့ပြီး အချို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ဇွန် ၁၃ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

အခင်းဖြစ်ပွားမှုမှာ ကင်ရှီမြို့တွင် မေ ၁၂ ရက် နံနက် ၁၀နာရီ ၃၀ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တရုတ်ဆက်သွယ်ရေးကုမ္ပဏီတစ်ခုမှ လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းခုနစ်ဦး သေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မုန်တိုင်းအရှိန်ကြောင့် မိုးရေချိန် ၂၂၆ မီလီမီတာအထိ သည်းထန်စွာ ရွာသွန်းခဲ့ရာမှ မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ အလောင်းများကို ယင်းနေ့ ညနေ ၃ နာရီ ၃၅ မိနစ်ခန့်တွင် ကယ်ဆယ်ရေးအဖွဲ့များက မြေအောက်မှ ရှာဖွေတွေ့ရှိခဲ့ကြသည်။ **(အင်တာနက်)**

အာဖဂန်အရှေ့ပိုင်း၌ နေတိုးလောင်စာဆီယာဉ်တန်း တိုက်ခိုက်ခံရ၊ ယာဉ် ၂၀ကျော် ပျက်စီး

ကဘူးလ် ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဝါဒက်ပြည်နယ်တွင် ဇွန် ၁၃ ရက် နံနက်က နေတိုးတပ်ဖွဲ့၏ လောင်စာဆီတင်ယာဉ်များကို တာလီဘန်အကြမ်းဖက်တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ကြသဖြင့် ယာဉ်အစီး ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။ **(ယာပုံ)**

မီးလောင်ပျက်စီး

၎င်းလောင်စာဆီတင်ယာဉ်များသည် ပါကစ္စတန်နိုင်ငံမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ကာ အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များထံ လောင်စာဆီ ထောက်ပံ့ဖြည့်ဆည်းပေးရန်အတွက် မောင်းနှင်လာစဉ် အာဖဂန်နိုင်ငံ ဆာယက်အာဘတ်မြို့တွင် တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်သည်။

သေဆုံး

တာလီဘန်တို့က လောင်စာဆီတင်ယာဉ် ၃၈ စီး မီးလောင်ပျက်စီးခဲ့ပြီး ယာဉ်မောင်း ၃၂ ဦး သေဆုံးခဲ့ကြောင်း ပြောကြားသည်။ တာလီဘန်အကြမ်းဖက်သမားများသည် နေတိုးတပ်ဖွဲ့၏ လောင်စာဆီယာဉ်တန်းကို ယခုအခါ အဓိကပစ်မှတ်ထားတိုက်ခိုက်လာလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ပေါ့ပ်ဂီတဖြင့် ကမ္ဘာကျော်ခဲ့သူ တေလာဆွစ်

မြင့်မောင်စိုး ရေးသားသည်

ပင်ဆယ်ဗေးနီးယား ဇွန် ၁၃

ပေါ့ပ်အဆိုတော် တေလာဆွစ် (Taylar Swift)သည် ပေါ့ပ်ဂီတလောကတွင် အလွန်အောင်မြင်ကျော်ကြားသည့် အဆိုတော်တစ်ဦးဖြစ်သည်။ သူမသည် သရုပ်ဆောင် တစ်ဦးလည်းဖြစ်၏။ အဆိုလည်းကောင်း ရုပ်လည်းချောသူမို့ သူမ၏ ပရိသတ်အချို့က ပေါ့ပ်ဂီတလောက၏ အလှဘုရင်မအဖြစ် တင်စားခေါ်ဝေါ်ကြသည်။ (ယာပုံ)

အဆိုတော် တေလာဆွစ်သည် အိမ်ဆောက်ဗိသုကာပညာရှင် အင်ဒရီယာဂတ်နာနှင့် စတော့ရှယ်ယာပွဲစား စကော့ကင်စလေဆွစ်တို့၏ တစ်ဦးတည်းသောသမီးဖြစ်သည်။ သူမအား အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဝိုမင်စင်မြို့၌ ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မွေးဖွားခဲ့သည်။ အဆိုတော် တေလာဆွစ်၏ အဖွားဖြစ်သူသည် အော်ပရာ အဆိုတော်တစ်ဦးဖြစ်သည်။

သူမ၏မိသားစုသည် ပင်ဆယ်ဗေးနီးယားမှ တင်နက်ဆီပြည်နယ် နတ်ချ်ဗီလီမြို့သို့ပြောင်းရွှေ့ခဲ့ပြီးနောက် ၎င်း၏ ဂီတမျိုးစေ့မှာလည်း ရှင်သန်ပေါက်ဖွားလာရတော့သည်။ အကြောင်းမှာမူ ထိုမြို့သည် ကမ္ဘာကျော်တေးသံသွင်းများနှင့် အဆိုတော်များ နေထိုင်ရာ ဂီတမြို့ဖြစ်ခြင်းကြောင့်ပင်။

ဆွတ်ခူးနိုင်

တေလာဆွစ်သည် ၂၀၀၆ ခုနှစ်တွင် ကိုယ်တိုင်အမည်ပေးခဲ့သည့် Time Megraw အမည်ရှိ ပထမဆုံးတေးအယ်လ်ဘမ်ထွက်ရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် Fearless အမည်ရှိတေးအယ်လ်ဘမ် ထွက်ရှိခဲ့သည်။ ၎င်းတေးအယ်လ်ဘမ်သည် တစ်နှစ်တာ အကောင်းဆုံးအယ်လ်ဘမ်ဆုအပါအဝင် ဂရမ်မီဆုလေးဆု ဆွတ်ခူးနိုင်ခဲ့သည်။

Speak Now ဟု အမည်ရသည့် တေးအယ်လ်ဘမ်ကိုမူ ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင်ထွက်ရှိခဲ့သည်။ သူမသည် အထက်ဖော်ပြပါ တေးအယ်လ်ဘမ်သုံးခု ထွက်ရှိခဲ့ရာတွင် အမေရိကန်တစ်နိုင်ငံတည်းပင်လျှင် စီဒီအချပ်ပေါင်း လေးသန်းကျော် ရောင်းချခဲ့ရသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တေးအယ်လ်ဘမ် စီဒီအချပ်ပေါင်း ၃၄ သန်းကျော် ရောင်းချခဲ့ရသည်။ ထို့ကြောင့်ပင် အဆိုတော်တေလာဆွစ်သည် ၂၀၀၉ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ သန်း၊ ၂၀၁၀ ခုနှစ်၌ ဝင်ငွေဒေါ်လာ ၄၅ သန်း၊ ၂၀၁၁ ခုနှစ် မတ်လအထိ ဝင်ငွေဒေါ်လာ ၄၅ သန်း ရရှိခဲ့ကြောင်း ဖော်ဘက်မဂ္ဂဇင်းက ရေးသားဖော်ပြသည်။

ပေါ့ပ်အဆိုတော် တေလာဆွစ်သည် မကြာမီက အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ကျင်းပခဲ့သည့် ဘဲလ်ဘုတ် (Billboard) ဂီတဆုပေးပွဲတွင် Speak Now တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုနှင့် အကောင်းဆုံးကျေးလက်ဂီတဆုများ ဆွတ်ခူးနိုင်ခဲ့သည်။ ဇွန် ၈ ရက်က Mine အယ်လ်ဘမ်ဖြင့် အကောင်းဆုံးတေးအယ်လ်ဘမ်ဆု ဆွတ်ခူးခဲ့သည်။

ထို့ကြောင့် အဆိုတော် တေလာဆွစ်သည် ပေါ့ပ်ဂီတလောကတွင် လူကြိုက်များလာပြီးနောက် တေးအယ်လ်ဘမ်ရောင်းချမှု အားကောင်းလာသဖြင့် ပေါ့ပ်ဂီတဖြင့် ကမ္ဘာကျော်ဖြစ်လာခဲ့ခြင်း ဖြစ်ပါကြောင်း။ ။

နိုင်ငံတကာအားကစား

မောင်ချစ်ကြည် - စုစည်းသည်

ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၅၀ ဖြင့် စီရိုနယ်ဒိုအား မန်စီးတီးအသင်းက ခေါ်ယူရန် ဆွေးနွေးနေ

လန်ဒန် ဇွန် ၁၃

*ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို **(ယာပုံ)**အား မန်စီးတီးအသင်းပိုင်ရှင်များက ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၅၀ ပေး၍ ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဇွန် ၁၃ ရက်၌ သတင်းများ ထွက်ပေါ်လာသည်။*

တောင်းဆို

*မန်စီးတီးအသင်းတွင် ကစားပါက တစ်ပတ်လုပ်ခ ပေါင်လေးသိန်းရရှိရန် စီရိုနယ်ဒိုက ဆန္ဒရှိနေသော်လည်း မန်စီးတီးပိုင်ရှင်များက တစ်ပတ်လုပ်ခ ပေါင် ၃၅၀၀၀၀ ပေးမည်ဟု ဆိုထားသည်။ စီရိုနယ်ဒို၏ လိုလားချက်များမှာ မန်စီးတီးတွင် ဂျာစီအင်္ကျီနံပါတ်-၇ ဝတ်ဆင်ခွင့်ရှိရမည်။ အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးရမည်။ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနှင့် လုပ်ခလစာပေးပြီး ခေါ်ယူသည့် ကလပ်သို့ ပြောင်းရွှေ့ခွင့်ပြုရမည်ဟု စီရိုနယ်ဒိုက တောင်းဆိုထားသည်။ မန်စီးတီးကလပ်ပိုင်ရှင် ရှိတ်မင်ဆိုရာမိသားစုမှာ ပေါင် ဘီလီယံ ၆၀၀ခန့် ပိုင်ဆိုင်ချမ်းသာသူများဖြစ်ကြသည်။ **(အင်တာနက်)***

မန်ယူနောက်ခံလူဗီဒစ် ဂျူဗင်းတပ်စ်သို့ ပြောင်းမည်မဟုတ်

လန်ဒန် ဇွန် ၁၃

*မန်ယူအသင်း ဗဟိုခံစစ်မှူး ဗီဒစ်က မိမိသည် ဂျူဗင်းတပ်စ်အသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း၊ မန်ယူမှလည်း ထွက်ခွာမည်မဟုတ်ကြောင်းဖြင့် ဇွန် ၁၃ ရက်၌ ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။ **(ဝဲပုံ)***

*ဂျူဗင်းတပ်စ်အသင်းက မိမိအား ခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းခဲ့သော်လည်း မန်ယူအသင်းကပ္ပတိန်အဖြစ် တာဝန်ယူကစားနေရသည်မှာ ပျော်ရွှင်ကြောင်း၊ လုပ်ခလစာလည်းကောင်းကောင်း ပေးထားကြောင်း၊ ထို့ကြောင့် မန်ယူမှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း အသက် ၂၉ နှစ်အရွယ်ရှိ ဗီဒစ်က ပြောကြားသည်။ **(အင်တာနက်)***

စီမံကိန်းတာဝန်ပေးအပ်ပွဲ မြင်းမူမြို့နယ်၌ ကျင်းပ

မြင်းမူ ဇွန် ၁၃

မြင်းမူမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံး ရွှေပြည်သစ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းရည်မှန်းချက်တာဝန်များကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသူရိန်ထွန်းအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၇၉)

ယင်းမာပင်၌ အမျိုးသမီး အိမ်တွင်းမှုသင်တန်းဖွင့်

ယင်းမာပင် ဇွန် ၁၃

မုံရွာခရိုင် ယင်းမာပင်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၃)၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးကြည်လှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီးက သင်တန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်းလက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေခပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

ရေလုပ်သားများအား ထောက်ပံ့ငွေ ပေးအပ်

ဖျာပုံ ဇွန် ၁၃

သီရိလင်္ကာနိုင်ငံမှ လေကြောင်းခရီးဖြင့် နေရပ်ဒေသဖျာပုံမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပင်လယ်ထဲ မျောပါခဲ့သော ငါးဖမ်းရေလုပ်သား ၁၄ဦးအားကြိုဆိုထောက်ပံ့သည့်အခမ်းအနားကို ဇွန်၉ရက် ညနေပိုင်းက ဖျာပုံမြို့နယ်ပင်လယ်ကျားပိုက် လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက ရေလုပ်သားများအား အားပေးစကား ပြောကြားပြီး **(အောက်ပုံ)** ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ၊ အစားအစာများပေးအပ်ခဲ့ကြောင်းနှင့် နေရပ်ဒေသအသီးသီးသို့ အရောက်ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

မြောင်းမြမြို့နယ် ရုံးပေါင်းစုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇွန် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၁၁
(အင်္ဂါနေ့)
နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ရှည်လျားတဲ့ဘဝသံသရာ** တရားတော် (ဆရာတော် ဦးဃောသိတ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၂)
၈:၅၀	Activities in the City (အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Medanta Hospital မြန်မာနိုင်ငံရုံးခွဲဖွင့်လှစ်ခြင်း)
၉:၀၅	ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ ဒါရိုက်တာ-ကိုရွှေမိုးသက်
၉:၁၀	Manhunt 2011 ကြိုတင်ပြင်ဆင်မှုနှင့် ပဏာမလူရွေးချယ်ပွဲ
၉:၃၅	Cartoon Show Time (THOR)
၁၀:၁၅	နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဇေကန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အားမာန်
၁၀:၅၅	Celebrity Style (နေခြည်လင်းလဲ့)
၁၁:၁၅	International Show Biz
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	သင်ကြားရေးလမ်းညွှန် (James Cook University Singapore)
၁၂:၂၀	သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းအား အမှုးထား၍ သန့်စင်အောင်ကုမ္ပဏီ၏ ဘေးကင်းရန်ကွာ စတုဒိသာအလှူတော်မင်္ဂလာ
၁၂:၄၀	ရန်ကုန်မြင်ကွင်းကျယ် (United Pacific Co.,Ltd. မှ ပြုလုပ်ကျင်းပသော Yangon Hot Summer Night)
၁:၀၀	**ရှည်လျားတဲ့ဘဝသံသရာ** တရားတော် (ဆရာတော် ဦးဃောသိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ဖန်ဆင်းလိုက်…မိုးထက်ပိုင်)
၂:၅၀	ပတ္တမြားမြေ တန်းမြင့်ကျောင်း၏ မြင့်မိုရ်မကဂါရဝ
၃:၁၀	Mother's Day
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၄)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၂)
၅:၀၀	The Champion of Dance
၅:၄၀	"ဝ"တာတကယ်လုလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ်(New Cyber Centre Special Summer School 2011 Closing Ceremony)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၅)
၇:၂၅	Celebrity Choice (အိမ့်ချစ်)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အနုပညာမိုးကောင်းကင်
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၃)
၁၀:၂၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ဝင် သံယောဇဉ်)
၁၀:၄၅	သန့်ရှင်းသောသွေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ သီတာအောင်)
၁၁:၀၅	World of Knowledge (Chasing Earthquakes)
၁၁:၅၅	Treasure From The Earth (အပိုင်း-၂)
၁၂:၁၅	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၁၂:၄၀	ဆည်မြောင်းရဲ့အားမာန်… ပြိုင်းချောင်းရေလှောင်တမံ
၁၂:၅၀	ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
၁:၁၅	မြန်မာပြည်ရဲ့ပါရမီ
၁:၂၀	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၁:၅၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ပိုးချိတ်အသွင်
၂:၁၀	ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ)
၂:၃၅	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၂:၄၅	လင်းလက်တောက်ပ မီးဆိုင်းအလှ)
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
၄:၁၀	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄:၅၀	စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရပ်ကွက်အတွင်းမှ ဝက်ခြံကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မြရတနာ (၂)လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များကို မွေးမြူထားပြီး ဝက်ချေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါဝက်ခြံအား သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

စက်သုံးဆီဆိုင် ဖယ်ရှားပေးပါ

စာတည်းရှင် -

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဆင်းဇေကရီလမ်းတွင် ပုဂ္ဂလိကလောင်စာဆီဆိုင်တစ်ဆိုင်သည် စီးပွားဖြစ်ရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ယင်းဆီနံ့များကြောင့် ကျန်းမာရေးထိခိုက်ပြီး မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် အဆိုပါ ဓာတ်ဆီဆိုင်အား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ရေမြောင်းများ ရေစီးရေလာကောင်းစေချင်

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက်အတွင်းရှိရေမြောင်းများ ပိတ်ဆို့၍ ပြည်တော်သာလမ်းမပေါ်သို့ ရေများစီးဆင်းလျက်ရှိခြင်းကြောင့် လမ်းပျက်စီးပြီး ရေများဝပ်လျက်ရှိရာ သက်ဆိုင်ရာမှ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ကျူးကျော်ဆိုင်များ ဖယ်ရှားရှင်းလင်းပြီး

၂-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံ ပေးစာပါ **ဖျာပုံမြို့ (၁၇)ရပ်ကွက် ဂေါက်ကွင်းအနောက်ဘက်ခြမ်း မြို့ပတ်လမ်းတစ်လျှောက်ရှိ ကျူးကျော်ဆိုင်များအား ဖယ်ရှားပေးပါ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ (မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် အုပ်ချုပ်မှုကိစ္စရပ်များ အသုံးပြုရန်အတွက် စက်မှုဇုန်ထုတ် လိုက်ထရပ် (Light Truck) ယာဉ်၁၃စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ စီမံခန့်ခွဲရေးဌာန၊
(၁၉၇/၁၉၉) အောက်ကြည့်မြင်တိုင်လမ်း၊ အလုံ၊ ရန်ကုန်၊
ဖုန်း-၀၁-၂၁၁၇၃၄၊ ၂၁၅၆၄၉။

အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်း(၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံနေ ဦးမောင်မောင်အေး၏သားဖြစ်သူ ကမာရွတ် TTC Grade-9,Cမှ မောင်ရဲရင့်အောင်အား ရဲရင့်မောင်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

ရဲရင့်မောင်မောင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်းနေ
ဦးမြင့်သန်း-ဒေါ်အေးဝင်း တို့၏တစ်ဦးတည်းသောသား

မောင်စည်သူမြင့်
B.A (Myanmar)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်နေ
ဦးထွန်းအောင်ကျော်-ဒေါ်ခင်ထွေးရီ တို့၏သမီး

မခင်သန္တာအောင်
B.A (Geo)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူ ခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူမြင့်-မခင်သန္တာအောင်။



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄)၊ သဇင်လမ်း၊ မြေကွက်အမှတ် ၁၆ဟု ခေါ်တွင်သော (အလျား ပေ ၈၀× အနံပေ ၆၀)၊ နှစ် ၆၀ ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အိမ်၊ အိမ်ဥပစာအကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးနိုင် ၁၂/ပဇတ(နိုင်)၀၀၃၇၂၁ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်မူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြည်လွင်စိုး
တိုက်(၄)၊ အခန်း(၅)၊ ၁၁လမ်း၊ ၃ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၃

Web Development နည်းပညာများကို စိတ်ဝင်စားသူများအတွက် လက်တွေ့ Web Application တစ်ခုတည်ဆောက်နိုင်စေရန် PHP & MySQL သင်တန်းကို Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်းမှ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတွင် PHP Fundamental Technique, Object Oriented Technique နှင့် Database Accessing Technique များအပြင် Client Side Technique များဖြစ်သော HTML, CSS, JAVA Script တို့ကိုပါ သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ကိုယ်တိုင် Project တစ်ခုအစအဆုံး ရေးသားနိုင်မည်ဖြစ်ပြီး သင်တန်းကာလအတွင်း၌လည်း Practical Project တစ်ခုကို တည်ဆောက်နိုင်ရန် လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါသင်တန်းကို ဇွန် ၁၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် ၂၆၊ (၁၄)လမ်း(အောက်ဘလောက်)လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၈၈၀၆၊ ၀၉-၇၃၀၃၁၃၀၂ နှင့် ၀၁-၂၂၄၄၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူမောင်စိုင်းမြလွင် ၁၂/မဂတ(နိုင်)၀၉၁၈၁၈ သည် မိဘ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိနေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်သက်ဆိုင်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးရေဟိယာ
၁၂/မဂတ(နိုင်)၀၄၉၅၁၈
ဒေါ်သန်းသန်းဝင်း
၁၂/မဂတ(နိုင်)၀၄၃၆၅၁။

သင့်သွေးဖြင့်အသက်ကယ်ပါ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မငြိမ်းအိစံ ၁၂/တမန(နိုင်) ၁၁၄၇၀၃သည် မိမိသဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကြည်အောင် ၁၂/သဃက(နိုင်)၀၈၀၀၈၅
ဒေါ်စီစီလွင် ၁၂/သဃက(နိုင်)၀၇၉၄၄၅။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၀၀၆၊ မြေကွက်တည်နေရာအမှတ် ၁၀၀၆၊ ရာဇာဓိရာဇ်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်ခင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ခင်-ဒေါ်အေးတို့ ကွယ်လွန်သဖြင့် (၁)ဒေါ်လှဝိုင်း ၁၂/မရက(နိုင်)၀၉၃၆၅၂၊ (၂) ဒေါ်ဝိုင်းကြည် ၉/တသန(နိုင်)၁၁၈၅၃၇၊ (၃) ဦးကံတင် ၁၂/မရက(နိုင်) ၀၉၃၄၇၆၊ (၄) ဦးကံရင် ၁၂/မရက(နိုင်)၁၂၅၈၆၂၊ (၅) ဦးကံရှင် ၁၂/မရက(နိုင်) ၁၃၁၂၉၉၊ (၆) ဒေါ်ရင်ရင်ရွှေ ၁၂/မရက(နိုင်)၁၁၇၃၄၇၊ (၇) ဦးနေဝင်းအောင် ၁၂/မရက(နိုင်) ၁၃၈၁၃၂၊ (၈) ဦးအောင်ခင် ၁၂/ဒဂမ (နိုင်)၀၀၄၉၆၃ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိမ်လွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

HAN Golf Masters Junior Golf Series 2011
လူငယ်ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

*မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. က အဓိကကူညီပံ့ပိုးမည့် HAN Golf Masters Junior Golf Series 2011 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ Sedona Hotel Ballroom ၌ ကျင်းပသည်။**(ယာပုံ)***

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ HAN Golf Masters Pte., Ltd. မှ CEO ဦးချမ်းဟန်က Junior Golf Series လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ စီစဉ်ထားမှု

အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး Asian Tour မှ Executive Chairman နှင့် HAN Golf Masters Pte., Ltd. မှ Director ဦးကြည်လှဟန်က အမှာစကားပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များက သိရှိလိုသော အချက်အလက်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

HAN Golf Masters Junior Golf Series 2011 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်တွင် မြန်မာဂေါက်ကလပ် (ရန်ကုန်)၌လည်းကောင်း၊ ဇူလိုင်ပထမပတ်တွင် မန္တလေးရေတံခွန်တောင်ဂေါက်ကလပ်၌လည်းကောင်း၊ ဩဂုတ်ပထမပတ်တွင် ရွှေိုင်ရယ်မင်္ဂလာဒုံ ဂေါက်ကလပ် (ရန်ကုန်)၌လည်းကောင်း၊ စက်တင်ဘာပထမပတ်တွင် ရန်ကုန်ဂေါက်ကလပ်၌လည်းကောင်း၊ နိုဝင်ဘာ ပထမပတ်တွင်ရန်ကုန်ဂေါက်ကလပ်၌လည်းကောင်း၊ ဒီဇင်ဘာပထမပတ်တွင် ပန်းလှိုင်ဂေါက်ကလပ်၌လည်းကောင်း ခြောက်ပွဲကျင်းပမည်ဖြစ်ရာ သက်တန်းများအနေဖြင့် အသက် ရှစ်နှစ်မှ ၁၂နှစ်၊ အသက် ၁၃နှစ်မှ ၁၅နှစ်၊ အသက် ၁၆ နှစ်မှ ၁၈ နှစ်နှင့် အသက် ၁၉ နှစ်မှ ၂၁နှစ်အထိ ပြိုင်ပွဲလေး မျိုးခွဲခြားကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

*အဆိုပါ လူငယ်သက်တန်းအလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁နှင့် ၀၁-၆၅၁၃၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)***

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁၃

ဦးထွန်းနေလင်းသည် ကစားဖော်များဖြစ်ကြသော ဦးဝင်းသိန်း (ဇေယျာ ပန်းပု ပန်းချီ/ပန်းပွတ်)၊ ဦးအောင်သန်း၊ ဦးဝင်းဇော်မိုး တို့နှင့်အတူ ဇွန် ၁၀ ရက်တွင် မြန်မာ ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီး ရိုက်ကစားစဉ် Titleist Pro VI No. (1) ဘောလုံး ကို King Cobra P.W တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၂)သို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးမြင့်ဟန်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်စဉ်။ (သတင်းစဉ်)

လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၃

လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

စာမျက်နှာ ၅ ကော်လံ ၆ ❖

မိုးရွာသွန်းမှုများ

၁၃-၆-၂၀၁၁

ပဲခူးမြို့	၄ ဒသမ ၅၇ လက်မ
လောင်းလုံမြို့	၄ ဒသမ ၄၉ လက်မ
မြောင်းမြမြို့	၃ ဒသမ ၃၅ လက်မ
ထားဝယ်မြို့	၃ ဒသမ ၂၃ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၃ ဒသမ ၁၅ လက်မ
သိမ်ဇရပ်မြို့	၃ ဒသမ ၁၅ လက်မ
ဘီးလင်းမြို့	၃ ဒသမ ၀၃ လက်မ
သထုံမြို့	၂ ဒသမ ၈၇ လက်မ